# အသက်စွန့်၍ ယုံကြည်ချက်ကို ဦးထိပ်ရွက်သူ

ဇင်လင်း

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးစတင်ချိန်တွင် သူ့အသက်မှာ (၁၅) နှစ်မျှသာရှိသေးသည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွဲရန် စစ်တိုင်း (၇) တိုင်းဖွဲ့စည်းခဲ့ရာတွင် တိုင်းအမှတ် (၂) က သူ၏ ဇာတိ ဒေးဒရဲတွင် ဌာနချုပ်စိုက်ခဲ့သည်။ နိုင်ငံရေးတာဝန်ခံက သခင်စိုးဖြစ်၍ စစ်ရေးတာဝန်ခံက ဗိုလ်နေဝင်းဖြစ်သည်။ တိုင်း (၂) စစ်ဌာနချုပ်ကို သူတို့မိသားစုနေအိမ်တွင် ဖွင့်လှစ်ခဲ့သည်။ ဂျပန် ထိုးစစ်ကို ရှောင်တိမ်းရင်း ပြည်သူ့ပြောက်ကျားစစ်ဖြင့် ပြန်လည်ခုခံရသောအခါ တောပိုင်း ကျေးရွာ များတွင် တပ်ဖျောက်၍ ဂျပန်ကို ခုခံတိုက်ခိုက်ခဲ့ရသည်။ ထိုအခါ စစ်ရေးတာဝန်ခံက တရွာ၊ နိုင်ငံရေးတာဝန်ခံက တရွာ၊ တရွာစီတွင် ပုန်းအောင်းခဲ့ကြရသည်။ ထိုစဉ်က ဗိုလ်နေဝင်းနှင့် သခင်စိုးတို့ကို ဂျပန်အပိုင်းခံရမည့်ဘေးမှ လွတ်ရာသို့ ကယ်ထုတ်ပေးခဲ့ရသည်မှာ သူတို့မိသားစု ဖြစ်သည်။ ဗိုလ်နေဝင်းနှင့် သခင်စိုးတို့အကြား ပြောက်ကျားတပ်ဆက်သားအဖြစ် စာပေးစာယူ လုပ်ပေးခဲ့ရသူမှာ 'သူ' ဖြစ်ခဲ့သည်။

စစ်ပြီးခေတ်တွင် သူကျောင်းပြန်တက်သည်။ ၁၉၅၂–၅၄ ကာလတွင် သူသည် တက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ တွင်လည်း အမှုဆောင်တဦး ဖြစ်ခဲ့သည်။ ငြိမ်းချမ်းစွာပညာသင်ကြားရေးနှင့် ကျောင်းသားအခွင့် အရေး ကာကွယ်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးတို့အတွက် တိုက်ပွဲဝင်ခဲ့သည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် ဗိုလ်နေဝင်း အိမ်စောင့်အစိုးရ တက်လာသောအခါ ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ စာရေးဆရာများကို ဖမ်းဆီးထိန်းသိမ်းသောအခါ သူလည်း ထိန်းသိမ်း ခံရသည်။ ကိုကိုးကျွန်းသို့ အပို့ခံရသည်။

ဗိုလ်နေဝင်း အိမ်စောင့်အစိုးရလက်ထက်၌ သူသည် နိုင်ငံရေးနယ်ပယ်အတွင်းသို့ လုံးလုံး ရောက်ရှိလာခဲ့သည်။ သခင် ခင်အောင် ဉက္ကဋ္ဌအဖြစ် ဦးဆောင်သော ပြည်သူ့တိုးတက်ရေးပါတီ တွင် သူ ဗဟိုကော်မတီဝင်ဖြစ်လာသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ် ပေါင်းစု (ပမညတ) တွင်လည်း သဘာပတိအဖွဲ့ဝင် ခေါင်းဆောင်တဦးဖြစ်လာသည်။ ဤသို့ဖြင့် ၁၉၆၀ ပြည့်လွန်ခေတ်တွင် 'သူ' (သို့မဟုတ်) ဦးခင်မောင်မြင့်သည် ပြည်သူ့ဘက်တော်သား ထင်ရှား သည့် အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တဦး ဖြစ်လာခဲ့သည်။ ၁၉၆၃ ခုနှစ် (၆) ခရိုင်ငြိမ်းချမ်းရေး ချီတက်ဆန္ဒပြပွဲတွင် ပဲခူးစစ်ကြောင်း၏ စစ်ကြောင်းမှူးချုပ်တာဝန်ကို ဦးခင်မောင်မြင့် တာဝန်ယူ ကွပ်ကဲခဲ့သည်။ ဆန္ဒပြပွဲအပြီး ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ စာရေး ဆရာများကို တော်လှန်ရေးကောင်စီက ဖမ်းဆီးထောင်ချရာတွင် ဦးခင်မောင်မြင့်လည်း ထောင် (၇) နှစ်ကျခဲ့သည်။ ကိုကိုးကျွန်းသို့ ဒုတိယအကြိမ် အပို့ခံခဲ့ရပြန်သည်။ ကိုကိုးကျွန်းထောင်တွင် ကျွန်းထောင်ဖျက်သိမ်းရေး၊ ပြည်မပြန်ပို့ရေး အစာငတ်ခံတိုက်ပွဲ ဆင်နွှဲကြသောအခါ ဦးခင်မောင် မြင့်လည်း ရှေ့ဆုံးတန်းမှ ပါဝင်တိုက်ပွဲဆင်ခဲ့သည်။ အစာငတ်ခံတိုက်ပွဲတွင် နိုင်ငံရေးအကျဉ်းသား (၈) ဦး ကျဆုံးခဲ့ရသည်။ ထိုတိုက်ပွဲတွင် ဦးခင်မောင်မြင့်သည် မသေ၍ ရှင်ကျန်ခဲ့သော်လည်း ထိုစဉ်ကရရှိခဲ့သည့် ဒဏ်ရာဒဏ်ချက်ကြောင့် ကျန်းမာရေးညံ့ခဲ့ရသည်။

၁၉၇၂ ခုနှစ် ထောင်မှပြန်လွတ်ခဲ့ပြီးနောက် ပုဇွန်တောင်ဈေး၌ ဇနီးသည် ဒေါ်တင်တင်နှင့်အတူ ဆေးလိပ်ဖြန့်ချိသည့် ဆိုင်ကလေးတဆိုင်ဖွင့်ကာ ရိုးကုတ်အေးချမ်းစွာ နေထိုင်ခဲ့သည်။ 'တင်တင် ရယ်၊ ခြသေ့်သုံးကောင် ဆေးပေ့ါလိပ်ရယ်၊ ချိုပေ့ါကျတခွက်ရယ်ရှိရင် ဘဝမှာပြည့်စုံပြီ၊ တခြား ဘာမှမလိုတော့ဘူး' ဟု ပြောလေ့ရှိသည့် ဦးခင်မောင်မြင့်သည် အမှန်တကယ်လည်း ဖြတ်လမ်းမှ ကြီးပွားအောင် လုပ်နိုင်ခွင့်များ ပေါ်ခဲ့သည့်တိုင် အားမကျခဲ့။ ပြတ်ပြတ်သားသား၊ ခါးခါးသီးသီး ငြင်းပယ်ခဲ့သူဖြစ်သည်။ ၁၉၇၄ ဝန်းကျင် ဗိုလ်နေဝင်း ဩဇာတက်နေချိန်က ဂျပန်တော်လှန်ရေး

ကာလအတွင်း သူကျင်လည်ခဲ့သည့် ဒေးဒရဲနယ်၌ တိုင်းခန်းလှည့်လည်ခဲ့ဖူးသည်။ ထိုစဉ်က ဖက်ဆစ်တော်လှန်ရေး စစ်တိုင်း (၂) ဌာနချုပ်ရုံးစိုက်ရာ ဦးခင်မောင်မြင့်တို့ မိသားစုပိုင်အိမ်သို့ သွားရောက်ကြည့်ရှုခဲ့သေးသည်။ ဒေသအာဏာပိုင်တို့အားလည်း သူတို့မိသားစုဝင်များနှင့် တွေ့လို ကြောင်း ဗိုလ်နေဝင်းက ပြောခဲ့ဖူးသည်။

ထို့ကြောင့် ဒေးဒရဲမြို့ခံ အာဏာပိုင်များက ဦးခင်မောင်မြင့်အား ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် သွားရောက်တွေ့ဆုံရန် ပြောခဲ့ကြသည်။ ဦးခင်မောင်မြင့်က "ကျုပ်နဲ့ ခင်ဗျားတို့ဥက္ကဋ္ဌကြီးနဲ့ တွေ့စရာ ဘာအကြောင်းမှမရှိဘူး။ တွေ့မှာလည်းမဟုတ်ဘူး" ဟု ခပ်ပြတ်ပြတ်ပြောခဲ့သည်။ အခြား ညီအစ်ကို မောင်နှမများကိုလည်း ဦးနေဝင်းနှင့် မပတ်သက်ရန် သတိပေးပြောဆိုခဲ့ကြောင်း သခင် ထွေးက စာရေးသူကို ပြောပြခဲ့ဖူးသည်။ ၁၉၈၀ ဝန်းကျင်လောက်က ဦးခင်မောင်မြင့်သည် တောင် ဥက္ကလာပ (၁၀) ရပ်ကွက်တွင် ကျူရှင်ဆရာအဖြစ် ခေတ္တကျင်လည်ခဲ့ဖူးသည်။ ထိုစဉ်က ကျနော် သည် သခင်ထွေးအိမ်သို့ တနင်္ဂနွေတပတ်လျှင် တကြိမ် ပုံမှန်ရောက်လေ့ရှိပါသည်။ သခင်ထွေးမှာ ဒို့ဗမာသခင်တဦးဖြစ်ခဲ့၍ လွတ်လပ်ရေးခေတ်သမိုင်းကို ကိုယ်တိုင်ဖြတ်သန်းခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် သူ့အိမ်သို့ လူကြီးလူငယ် နိုင်ငံရေးစိတ်ဝင်စားသူများ ဝင်ကြထွက်ကြပါသည်။ ဦးခင် မောင်မြင့်လည်း သခင်ထွေးအိမ်သို့ အဝင်အထွက်ရှိပါသည်။ ထို့ကြောင့် ဦးခင်မောင်မြင့်ကို သခင် ထွေးအိမ်၌ ကျနော် ပထမဦးဆုံး တွေ့ခဲ့ဖူးခြင်းဖြစ်ပါသည်။

ထိုစဉ်က စကားဝိုင်းများမှာ မျက်မှောက်နိုင်ငံရေးကိစ္စများကိုသာ အလေးထား ဆွေးနွေး ပြောဆိုကြသည်က များပါသည်။ သို့ဖြစ်၍ သူ့အကြောင်းကို ကိုကိုးကျွန်းပြန် စံပြနိုင်ငံရေးသမား တယောက်အဖြစ်လောက်သာ ကျနော်သိရှိခဲ့ပါသည်။ သူ့ဘဝ၏ အရေးပါသော အဆစ်အပိုင်းအချို့ ကို သခင်ထွေးထံမှတဆင့် သိရှိရသည်က များပေသည်။ သခင်ထွေးကိုယ်တိုင်ကလည်း ဦးခင် မောင်မြင့်ကို အလွန်လေးစားရင်းစွဲရှိသဖြင့် ထိုစဉ်က ကျနော်တို့ လူငယ်အသိုင်းအဝိုင်းကလည်း လေးစားခဲ့ကြရသည်။ အထူးသဖြင့် ထိုအချိန်က ဗိုလ်နေဝင်းပေးသည့် လွတ်လပ်ရေးမော်ကွန်းဝင် လက်မှတ်ရရှိရန် အလုအယက် လျှောက်လွှာတင်နေကြခိုက် သခင်ထွေးနှင့် ဦးခင်မောင်မြင့်တို့က ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့ကြပုံကို ကျနော်တို့ သိထားခဲ့ကြသည်။ သခင်ထွေးက သူနှင့် ဦးခင် မောင်မြင့်တို့ ဘာကြောင့် လွတ်လပ်ရေးမော်ကွန်းဝင်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ စသည်တို့ကို ငြင်းပယ်ခဲ့ရ ကြောင်း ယခုကဲ့သို့ ပြောပြဖူးသည်။

"အင်္ဂလိပ်ဗိုလ်ချုပ် ဝင်းဂိတ်ရဲ့ လေထီးတပ်နဲ့ ဂလိုက်ဒါတပ်တွေ မြန်မာပြည်ထဲပြန်ဝင်ဖို့ လုပ်တော့ ကာလကတ္တားမှာ တပ်မထွက်ခင် ဂုဏ်ပြုညစာစားပွဲလုပ်တယ်။ အဲဒီမှာ တာဝန်ရှိတဲ့ သူတွေ အသီးသီး မိန့်ခွန်းပြောကြတယ်။ အဲဒီလို အားပေးမိန့်ခွန်း ပြောကြသူတွေထဲမှာ အိန္ဒိယကို စစ်ပြေးရင်းရောက်နေတဲ့ အိုင်စီအက်စ် ဦးကျော်မင်းလည်းပါတယ်။ လိုရင်းကိုပြောရရင် ဦးကျော် မင်းက အင်္ဂလိပ်စစ်ဗိုလ် စစ်သားတွေ မြန်မာပြည်ကို သိမ်းပိုက်မိရင် အဓိက ရှင်းလင်းသုတ်သင် ရမယ့် ရန်သူ (၃) မျိုးရှိတယ်လို့ ဩဝါဒပေးတယ်။ ရန်သူနံပါတ်တစ်က ဒို့ဗမာသခင်တွေ၊ နံပတ်နှစ် က ရဲဘော်သုံးကျိပ်နဲ့ နံပါတ်သုံးက ကွန်မြူနစ်တွေကို တွေ့ရာသချိုင်း ဒါးမဆိုင်းဘဲ ရှင်းလင်းရ မယ်လို့ ပြောခဲ့တယ်။ အဲဒီမိန့်ခွန်းကို ကာလကတ္တားမှာထုတ်ဝေတဲ့ Indian Observer ဆိုတဲ့ သတင်းစာမှာ ဖော်ပြတယ်။ ဝင်းဂိတ်တပ်သားတွေ မြန်မာပြည်ထဲဝင်လာတော့ ဒီသတင်းစာတွေ အင်္ဂလိပ်တပ်နဲ့ အတူပါလာတယ်။ ဂျပန်က ဒီသတင်းစာတချို့ကို ဖမ်းမိတော့ ရန်ကုန်မှာထုတ်တဲ့ Greater Asia သတင်းစာမှာ ထပ်ပြီး ဦးကျော်မင်းမိန့်ခွန်းကို ဖော်ပြတယ်။ ဂျပန်ဆိုလိုတဲ့သဘောက မင်းတို့မြန်မာနိုင်ငံရေးသမားတွေ အင်္ဂလိပ်နဲ့ပေါင်းရင် ရမယ့်ဆုလာဘ်က သေဒဏ်ပဲလို့ ပြောလိုက် တာပါပဲ"

"အခု ပထမဆုံးထုတ်ပြန်တဲ့ ဗိုလ်နေဝင်းရဲ့ လွတ်လပ်ရေးမော်ကွန်းဝင်စာရင်းမှာ အိုင်စီအက်စ်

ဦးကျော်မင်းက ရှေ့ဆုံးကဖြစ်နေတယ်။ လွတ်လပ်ရေးရအောင် အသက်စွန့် ကြိုးပမ်းခဲ့တဲ့သူတွေကို သတ်ဖို့ဖြတ်ဖို့ ပြောခဲ့တဲ့သူက လွတ်လပ်ရေးမော်ကွန်းဝင်စာရင်းမှာ ရှေ့ဆုံးကဖြစ်နေတယ်။ ဒီဆုကို ဒို့က ဒီလိုလူမျိုးတွေနဲ့ တတန်းထဲယူရမှာလား၊ နောက်တချက်က ဒို့ လွတ်လပ်ရေးအတွက် တိုက်ခဲ့ကြတာက လွတ်လပ်ရေးမော်ကွန်းဝင်စာရင်းဝင်ဖို့ လုပ်ခဲ့တာလည်းမဟုတ်ဘူး၊ တာဝန်သိတဲ့ နိုင်ငံသားတယောက်အနေနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် လုပ်သင့်လိုက်ထိုက်တယ်ထင်လို့ လုပ်ခဲ့ကြတာပဲ။ ဒါကြောင့် ဗိုလ်နေဝင်းက ဆုယူပါလို့ သူ့လူတွေကိုလွှတ်လိုက်တော့ ဒို့ ဘာကြောင့် သူပေးတဲ့ဆုကို မယူနိုင်ကြောင်း သူ့လူတွေကိုရှင်းပြပြီး ငြင်းလိုက်တယ်”

သခင်ထွေးက ဗိုလ်နေဝင်းပေးသည့်ဆုများကို ဦးခင်မောင်မြင့်လည်း လက်မခံခဲ့၊ သူလည်း လက်မခံခဲ့ပုံကို အထက်ပါအတိုင်း အကျယ်တဝင့် ရှင်းပြခဲ့ဖူးသည်။

၁၉၈၈ အရေးတော်ပုံကာလတွင် ‘စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် ကျောင်းသားသမဂ္ဂဝင်ဟောင်းများအဖွဲ့’ နှင့် ‘နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့’ နဖူးစည်းတို့အောက်၌ ဦးခင်မောင်မြင့်နှင့်ကျနော် ထပ်မံဆုံခဲ့ကြရသည်။ ထိုနဖူးစည်းအောက်၌ ယခင်ကျောင်းသားသမဂ္ဂခေါင်းဆောင်များဖြစ်ကြသော ဦးခင်မောင်မြင့်၊ ဦးညိုဝင်း၊ ဦးတင်အေး၊ ဦးလှရွှေ၊ ဦးတင်မောင်ဝင်းတို့နှင့်ပါ ပြန်လည်ဆုံတွေ့ခဲ့ကြသည်။ ကျောင်းသားသမဂ္ဂအလံတော်ကို ကျောင်းသားခေါင်းဆောင်ဟောင်းကြီးများ စုပေါင်းစွဲကိုင်လျက် ကျောင်းသားသမဂ္ဂသီချင်းကို အားနှင့်မာန်နှင့် သံပြိုင်သီဆိုကြကာ ဝန်ကြီးများရုံးကို လှည့်ပတ်ဆန္ဒပြခဲ့ကြသည့်မြင်ကွင်းကို ယခုတိုင် စာရေးသူအနေဖြင့် မြင်ယောင်နေမိသည်။

၁၉၈၈ စက်တင်ဘာ (၁၈) တွင် စစ်အာဏာသိမ်းပွဲဖြစ်ပြီးနောက် နဝတစစ်အုပ်စုက နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့် ပြုခဲ့သည်။ သူနှင့် ထောင်ကျဖော်ကျဘက် ရဲဘော်များ၏ ဝိုင်းဝန်းတိုက်တွန်းတောင်းဆိုချက်အရ သမိုင်းပေးတာဝန်တရပ်ကို သူထမ်းဆောင်ခဲ့ရသည်။ ‘ပြည်သူ့တိုးတက်ရေးပါတီ’ ကို ပြန်လည်ဖွဲ့စည်း ဦးဆောင်သည့်တာဝန်ကို ဦးခင်မောင်မြင့် ယူခဲ့ရသည်။ ဗိုလ်နေဝင်း အာဏာသိမ်းပြီးနောက် ၁၉၆၄ တွင် မဆလပါတီထောင်သောအခါ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေဟူ၍ ပြဋ္ဌာန်းခဲ့ဖူးသည်။ ထိုဥပဒေအရ ထိုစဉ်က နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းစေခဲ့သည်။ စာရွက်စာတမ်း၊ ပါတီရန်ပုံငွေ၊ ပရိဘောဂ၊ အဆောက်အဦးမှစ၍ ပါတီအလံနှင့် တံဆိပ်တုံးများပါမကျန် ဗိုလ်နေဝင်းထံ အပ်ခဲ့ကြရသည်။ ထိုစဉ်က ‘ပြည်သူ့တိုးတက်ရေးပါတီ’ ဗဟိုကော်မတီအစည်းအဝေး၌ ပါတီကိုမဖျက်သိမ်းရေး၊ ပါတီအလံနှင့် တံဆိပ်တုံးများ တော်လှန်ရေးကောင်စီထံမအပ်ရေး သဘောထားဘက်မှ ဦးခင်မောင်မြင့် ပြတ်ပြတ်သားသားရပ်ခဲ့သည်။ ထိုသို့ တင်းမာပြတ်သားစွာ ရပ်တည်ခဲ့၍လည်း ထိုစဉ်က ကိုကိုးကျွန်းအကျဉ်းထောင်သို့ အပို့ခံခဲ့ရခြင်းဖြစ်သည်။ ယခု ‘ပြည်သူ့တိုးတက်ရေးပါတီ’ ကို ပြန်လည်ဖွဲ့စည်းသည့်အခါ ရဲဘော်အားလုံးက သူ့အား ဥက္ကဋ္ဌတာဝန်ကို ပေးအပ်ခဲ့ကြသည်။ ဦးလှရွှေက အထွေထွေအတွင်းရေးမှူး၊ ဦးညိုဝင်းက တွဲဖက်အထွေထွေအတွင်းရေးမှူး ဖြစ်လာသည်။ ‘ပြည်သူ့တိုးတက်ရေးပါတီ’ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်မြင့် ဟောပြောခဲ့သော မိန့်ခွန်းများမှာ အတိတ်သမိုင်းနှင့် မျက်မှောက်သမိုင်းကို ဆက်စပ်ပြသထားရုံမက အနာဂတ်အတွက်လည်း လမ်းညွှန်အကြံပြုချက်များပါသဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရှည်တည်တံ့မည့်မိန့်ခွန်းများဟု ဆိုနိုင်ပေသည်။

၁၉၈၉ ခုနှစ် မတ်လ (၁၃) ရက်နေ့၊ ကျောင်းသားရဲဘော် မောင်ဖုန်းမော် ကျဆုံးခြင်း တနှစ်ပြည့် သို့မဟုတ် မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ နှစ်ပတ်လည်အခမ်းအနား၌ဖြစ်သည်။ စက်မှုတက္ကသိုလ် မြက်ခင်းပြင်တွင် ကျောင်းသားလူထု ပရိသတ်များ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ ကျောင်းဝင်းပရိဝုဏ် အုတ်တံတိုင်းပြင်ပ ပြည်လမ်းမထက်၌မူ သံချပ်ကာကားများ အပါအဝင် စစ်ကားများ တန်းစီရပ်ထားသည်။ လုံစွပ်တပ် သေနတ်ကိုင်စစ်သားများနှင့် ကျောင်းသားလူထု

ပရိသတ်က တဆက်တစပ်တည်းလို ဖြစ်နေသည်။ စစ်ကားပေါ်မှ အသံချဲ့စက်က ပရိသတ်အား ၂/၈၈၊ ၈/၈၈ အမိန့်ကြေညာချက်များနှင့် ခြိမ်းခြောက်နေသည်။ လူစုခွဲရန် အဆက်မပြတ် အော်ဟစ်နေသည်။ သို့သော် ပရိသတ်က မိုးဖွဲဖွဲအောက်တွင် အိန္ဒြေရရ နေရာယူထားကြသည်။ ထိုနေ့က ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးအောင်ဇေ(တော်ဖုရားလေး)၊ ဝိဇ္ဇူရသခင်ချစ်မောင်၊ မိုးသီးဇွန်တို့နှင့်အတူ ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်လည်း ဟောပြောခဲ့သည်။

*“ပြီးခဲ့တဲ့ မတ်လ (၁၃) ရက်နေ့တုန်းက ရဲဘော်ဖုန်းမော် ကျဆုံးခဲ့တယ်။ ဒါပေမယ့် ကျနော်တို့ ပြည်သူလူထုရဲ့ အကူအညီ မရခဲ့ဘူး။ ဇွန်လ ကျောင်းပြန်ဖွင့်တဲ့အခါကျမှ ပြည်သူလူထုနဲ့ ပေါင်းစပ်မိတယ်။ ပြည်သူတွေ တခဲနက်ပါလာရင်း အဲဒီမှာ အောင်ပွဲတွေရခဲ့တယ်။ ဒါဟာ အကွေ့အပြောင်းပဲ။ အခုလည်း ခင်ဗျားတို့က ပြည်သူလူထုနဲ့တွဲတယ်။ ဒါကြောင့် အောင်ပွဲမုချရမှာပဲ။ ဒါကို စွဲစွဲမြဲမြဲ မှတ်ထားကြဖို့လိုပါတယ်။ ခင်ဗျားတို့ဟာ ပြည်သူလူထုနဲ့လက်တွဲရင် မလွဲမသွေ အောင်ပွဲရမယ် ဆိုတာပဲ”* ဟု သူ့မိန့် ခွန်းကို စတင်ခဲ့သည်။ ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံကို လိုချင်ပါက လူတိုင်းလူတိုင်း ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်ဖို့လိုသည်ဟု သူပြောခဲ့သည်။

မှတ်မှတ်ရရ ၁၉၈၉ ခုနှစ် မတ်လ (၂၇) ရက် ဖက်ဆစ်တော်လှန်ရေးနေ့ ဖြစ်သည်။ ထိုနေ့က သင်္ဃန်းကျွန်းမြို့နယ် (ဆ၊က)ရပ်ကွက်၊ သမာဓိ (၄) လမ်း၌ ‘ပြည်သူ့တိုးတက်ရေးပါတီ’ ရုံးခန်းသစ်ဖွင့် ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်ခဲ့သည်။ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ထိုအခမ်းအနားတွင် ဂျပန်ဖက်ဆစ်တော်လှန်ရေးသမိုင်း အချက်အလက်အမှန်မှာ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း ဦးဆောင်သော ကွန်မြူနစ်ပါတီ၊ သခင်မြ၊ သခင်ချစ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း ခေါင်းဆောင်သော ပြည်သူ့အရေးတော်ပုံပါတီ (နောင် ဆိုရှယ်လစ်ပါတီ) နှင့် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်ဆိုသည့် အဖွဲ့ကြီး (၃) ဖွဲ့ကဦးဆောင်၍ ‘ဖတပလ’ ကိုဖွဲ့ကာ ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့ကြကြောင်း တင်ပြဟောပြောခဲ့သည်။ ဤသမိုင်းအမှန်ကို ဗိုလ်နေဝင်းက သူဦးဆောင်သည့် တပ်မတော်တခုတည်းက လုပ်ခဲ့သယောင် လူထုကို လိမ်ခဲ့သည်၊ သမိုင်းကို လိမ်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးနေ့ကို တပ်မတော်နေ့ဟု လိမ်ခဲ့သည်။ ဖတပလခေါင်းဆောင်မှုအောက်မှ ပြည်သူလူထု၏ သွေးစည်းညီညွတ်မှုသမိုင်းကို သူ့ကိုယ်ပိုင်သမိုင်းအဖြစ် လိမ်ညာခဲ့သည် စသဖြင့် ဦးခင်မောင်မြင့်က ရှင်းပြခဲ့သည်။

*“လိမ်တာ ညာတာဟာ မဆလခေတ်မှာ အလေ့အထဖြစ်လာတယ်။ ဒီအလေ့အထဟာ ဘယ်သူ့အယူအဆလည်းဆိုရင် ဟစ်တလာ့ သဘောတရားတခုပဲ။ ဟစ်တလာကို အားလုံး ကြားဖူးကြပါတယ်။ သူ့သဘောတရားတခုဟာ ဘယ်လိုလည်းဆိုရင် ‘လိမ်သာလိမ်၊ ရဲရဲလိမ်၊ အခု မယုံကြလည်း နောင်ယုံလာလိမ့်မယ်’ ဆိုတာပါပဲ။ ခုလည်း ဒီအတိုင်းလုပ်နေကြပုံရပါတယ်။ ဒါ တိုက်ဆိုင်မှုလားတော့ မပြောတတ်ဘူး။ (၂၆) နှစ်လုံးလုံး လုပ်ချင်ရာလုပ်ခဲ့ကြတယ်။ ဒီအထဲက အချက်တချက်ကို ပြောပါရစေ။ ဒီ (၂၆) နှစ် မဆလအစိုးရ ဘုတ်ကော်ပိုရေးရှင်းတွေက ဘဏ်တွေမှာ ချေးငွေးပြီး ပြန်မဆပ်ဘဲထားတဲ့ငွေ ဘယ်လောက်ရှိမယ်ထင်သလဲ။ ဒါကို ကျနော့်မိတ်ဆွေ ဘဏ်မန်နေဂျာဟောင်းတဦးက ကျနော့်ကို မေးဖူးတယ်။ ကျနော်က မသိဘူးပြောတော့ ကုဋေ (၁,၆၀၀) ကျော်တယ်လို့ သူကပြောတယ်။ ဒါကို ခုထိ စာရင်းမဖျက်နိုင်သေးဘူး။ ဒါကတချက်၊ ခင်ဗျားတို့မျက်မှောက်မှာပဲ အာဏာမသိမ်းခင်လေးတင် ဘာလုပ်သွားသလဲ၊ ဘဏ်အရာရှိ ဦးမောင်မောင်သန်းကို ညကြီးမင်းကြီးနှိုးပြီး ပြည်ထောင်စုဘဏ်ကို ဖွင့်ခိုင်းတယ်။ ပြီးတော့ ကုဋေ (၆၀၀) ယူသွားကြပြန်တယ်။ ဒါ ခင်ဗျားတို့မျက်စိအောက်က ဖြစ်ရပ်တွေပါ”* ဟူ၍လည်း စစ်တပ်ကတိုင်းပြည့်ဘဏ္ဍာ အလွဲသုံးစားလုပ်ခဲ့ပုံ ခားပြတိုက်ခဲ့ပုံများကို ပြောပြခဲ့သည်။

ဆက်လက်၍ ပြည်သူ့တိုးတက်ရေးပါတီ မြို့နယ်ရုံးခန်းဖွင့်ပွဲများနှင့် အခြားဖိတ်ခေါ်သည့် ဟောပြောပွဲများတွင် ဟောပြောခဲ့သည်။ ထိုဟောပြောပွဲများတွင် ဗိုလ်နေဝင်းကို နာမည်တပ်၍

ဖွင့်ချဝေဖန်ခဲ့သည်။ စက်တင်ဘာ (၁၈) အာဏာသိမ်းပွဲသည် အတုအယောင် အာဏာသိမ်းပွဲဖြစ်၍ နောက်ကွယ်၌ ဗိုလ်နေဝင်းရှိနေသည်ဟု ထောက်ပြခဲ့သည်။ လက်ရှိစစ်တပ်သည် ဗိုလ်နေဝင်း လမ်းစဉ်ကို ဆက်လက်စွဲကိုင်ကာ တိုင်းပြည်အပေါ် သစ္စာဖောက်ဖျက်၍ ကျောင်းသားပြည်သူများကို သတ်ဖြတ်ခဲ့သည်ဟု ဖွင့်ချထိုးနှက်ခဲ့သည်။ သူ့မိန့်ခွန်းတခုတွင် *"ဗိုလ်ချုပ်ကြီးစောမောင်က ဒီကနေ့ သူလုပ်နေတာတွေဟာ သူ့ဟာသူလုပ်တာ၊ ဘယ်သူနဲ့မှမဆိုင်ဘူးလို့ အေရှားဝိခ်ဂျာနယ်ကို ပြောတယ်။ ဒါကို ကျနော်တို့ယုံချင်ပါတယ်။ ဒါပေမယ့် ဖြစ်ရပ်တွေနဲ့တိုက်ကြည့်ရင် ယုံဖို့ အတော် ခက်ခဲပါတယ်။ လွန်ခဲ့တဲ့နှစ် မတ်လ (၁၃) ရက်နေ့မှာ ကျောင်းသားရဲဘော် ဖုန်းမော် ကျဆုံးခဲ့တယ်။ သတင်း (၂) ရက်မထည့်ဘူး။ မတ်လ (၁၅) ရက်နေ့မှထည့်တယ်။ ဖော်ပြပုံက တဖက်စောင်းနင်း၊ ပြန်ဖတ်ကြည့်ကြပါ။ ကျောင်းသားတွေက အပြင်းအထန် ခုခံခဲ့ကြတယ်၊ ရန်ကုန်တက္ကသိုလ်အထိ ကျယ်ပြန့်လာတယ်၊ အင်းလျားကန်ဘောင်မှာ သွေးချင်းချင်းနီကုန်တယ်၊ ဒါ ဗွီဒီယိုရိုက်ထားတာ ရှိတယ်။ မိန်းကလေးတွေ ရေထဲဆွဲနှစ်၊ ရိုက်၊ သတ် လုပ်ကြတယ်။ ဒါ မတ်လ (၁၆) ရက်က အဖြစ်အပျက်။ (၁၈) ရက်နေ့မှာ ကျောင်းသားတချို့ မြို့ထဲဆင်းလာတယ်။ ဗန္ဓုလပန်းခြံက စခဲ့ တယ်။ ဒါဟာ လူထုနဲ့ ပထမဆုံး အဆက်အသွယ်ယူခဲ့တာပဲ။ အဲဒီမှာ တွေ့ရာလူ ရိုက်ဖမ်းတော့တာ ပဲ။ (၄၇) လမ်းထိပ် ရဲချုပ်ရုံးရှေ့မှာ အချုပ်ကားတွေ (၁၂) စီးလောက်ရပ်ထားတယ်။ ရိုက်နှက် ဖမ်းမိသမျှတွေ ငါးပိငါးချဉ်သိပ်သလို ထိုးသိပ်ထည့်သွားတယ်။ အချုပ်ကားတွေ နေဝင်ပြီးမှ ထွက်ခိုင်းတာကြောင့် (၄၇) လမ်းထိပ်မှာရော လမ်းမှာပါ မွန်းသေကုန်တာ ရာချီခဲ့ပါတယ်။ ဒါကို (၂) လလုံးလုံး တယောက်ပဲသေတာလို့ ဖုံးလိမ်ခဲ့တယ်။ ရှောင်မရတော့မှ စုံစမ်းရေးကော်မရှင် အစီရင်ခံစာလို့ မထုတ်ရဲတော့ ဒီအစီရင်ခံစာအပေါ် နိုင်ငံတော်ကောင်စီရဲ့ သုံးသပ်ချက်ဆိုတာ ထုတ်ပြန်ပြီး (၄၁) ယောက်သေပါတယ်လို့ ကြေညာခဲ့ရတယ်"*

ထိုသို့ စစ်အာဏာရှင်အုပ်စုကို မထောက်မညှာ ဝေဖန်ဟောပြောခဲ့မှုကြောင့် အထက်မြန်မာ ပြည် မန္တလေး နိုင်ငံရေးဟောပြောချက်များနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း ငြိမ်ဝပ်၏ ခေါ်ယူသတိပေး ခြင်းကို ခံခဲ့ရသည်။ မန္တလေးမှအပြန် ၁၉၈၉ ဇွန်လနောက်ဆုံးအပတ်ထဲ၌ ပြည်သူ့တိုးတက်ရေး ပါတီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်ကို နဝတစစ်ထောက်လှမ်းရေးက ဖမ်းဆီးလိုက်တော့သည်။ ထို့နောက် ပြည်သူ့တိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးလှရွှေ၊ ဦးညိုဝင်း၊ ဦးမြစိန်၊ ဦးဟန်တင့်၊ ဦးလေးမြင့်(စာရေးဆရာလှကွန်း)၊ ကိုမိုးမြင့်၊ ကိုသောင်းထိုက်တို့အားလုံး လည်း အဖမ်းခံလိုက်ကြရသည်။ လက်တလုံးခြား ရှောင်တိမ်းလွတ်မြောက်သွားသူဟူ၍ ဝင်းတင့် ထွန်း(ကဗျာဆရာ) တဦးသာရှိသည်။ ၁၉၉၁ တွင် စာရေးသူကိုယ်တိုင် ထောင်ကျသောအခါ အင်းစိန်ထောင် (၄) တိုက်(အတို) ၌ ဦးမြစိန်၊ ဦးဟန်တင့်၊ ဦးလေးမြင့်၊ ကိုမိုးမြင့်၊ ကိုသောင်းထိုက် စသူတို့နှင့် ဆုံတွေ့ခဲ့ရသည်။ ဦးခင်မောင်မြင့်ကိုမူ အထူးတိုက် (၁၀) ခန်းတွဲ၌ တယောက်တည်း ချုပ်နှောင်တိုက်ပိတ်ထားလေသည်။ ထိုစဉ်က ထိုအထူးတိုက်တွင် ဆရာဦးဝင်းတင်လည်း ရှိနေ သည်။

၁၉၉၂ ခုနှစ် မတ်လဟုထင်သည်။ ကျနော်တို့ (၄ တို) တိုက်မှ တော်ဖုရားလေးဦးအောင်ဇေ ချော်လဲသဖြင့် လက်ကျိုးသွားခဲ့သည်။ ဦးအောင်ဇေ ထောင်ဆေးရုံတွင် တက်ရောက်ကုသနေစဉ် ဦးခင်မောင်မြင့်လည်း ဝမ်းကိုက်ရောဂါ သည်းထန်လာ၍ ထောင်ဆေးရုံသို့ ရောက်ရှိလာသည်။ ထိုစဉ်က အခြေအနေပေးလျှင် ပေးသလို ဦးခင်မောင်မြင့်နှင့် ဦးအောင်ဇေတို့ စကားပြောခွင့် ရရှိ ခဲ့ကြသည်ဟု ဦးအောင်ဇေက ပြန်ပြောပြခဲ့သည်။ ဦးအောင်ဇေမှတဆင့် (၄) တိုက်အတိုတွင် ရှိနေကြ သော ပြည်သူ့တိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ ဦးခင်မောင်မြင့်က အမှာ စကား ပါးခဲ့သည်။ 'သူ့အနေဖြင့် ထောင်ထဲမှာသေရဖို့များသည်။ ထို့ကြောင့် သူ့အခိကမှာလိုသည့် အချက်များကို မှတ်သားထားကြရန် အမှာစကားပါးခဲ့သည်။ ပထမအချက်မှာ ဒေါ်အောင်ဆန်းစု ကြည်ကို အောင်ပွဲရသည်အထိ ထောက်ခံဝန်းရံရေး၊ ဒုတိယအချက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့

ချုပ်ကို ဗဟိုမဏ္ဍိုင်ပြု၍ တခုတည်းသော ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစုကြီး ထူထောင်ရေး၊ တတိယအချက်မှာ ခေတ်နှင့်ဆီလျော်သော ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးကို အာမခံနိုင်သည့် နိုင်ငံရေးလမ်းစဉ်ကို အခိုင်အမာဆုပ်ကိုင်ရေး' စသည်တို့ဖြစ်ပါသည်။ ထိုသို့ မှာကြားခဲ့သည့် အကြောင်းကို ဦးမြစိန်၊ ဦးဟန်တင့်၊ ဦးလေးမြင့်တို့ထံမှတဆင့် ကျနော်တို့ သိရှိခဲ့ရသည်။

နောက်ပိုင်း အသက်ကိုစိုးရိမ်ရသည့်အခြေအနေ ရောက်လာသောအခါ စစ်ထောက်လှမ်းရေးက ဦးခင်မောင်မြင့်အား နိုင်ငံရေးကိုစွန့်လွှတ်ကြောင်း လက်မှတ်ထိုးပါက အပြင်ဆေးရုံသို့ ထုတ်ပေးမည်ဟု ပြောခဲ့သည်။ ဆရာဝန်က ထောင်အာဏာပိုင်တို့အား ဦးခင်မောင်မြင့်ကို အပြင်ဆေးရုံသို့ပို့ရန် အကြိမ်ကြိမ်ပြောခဲ့သော်လည်း လက်မှတ်မထိုးပါက အပြင်ထုတ်မပေးနိုင်ဟု ငြင်းဆိုခဲ့သည်။ ဦးခင်မောင်မြင့်ကလည်း သူ့အနားသို့ ချဉ်းကပ်လာသည့် စစ်ထောက်လှမ်းရေးများကို 'လူမှန်လျှင် တသက်မှာ တခါသေကြရစမြဲဖြစ်သည်၊ စစ်အာဏာရှင်ကို ဒူးထောက်အညံ့ခံမှ ရှင်ရမည့်အသက်ကို သူ မလိုချင်၊ ထို့ကြောင့် လက်မှတ်ထိုးမည့်အစား အသေခံသွားမည်' ဟု အော်ဟစ်ကြွေးကြော်နေခဲ့သည်။ ဒီမိုကရေစီအရေးတော်ပုံ မုချအောင်ရမည်၊ စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်ဟုလည်း သူသတိရှိနေစဉ် အဆက်မပြတ် ကြွေးကြော်နေခဲ့သည်ဟု မျက်မြင်တချို့က ပြောပြခဲ့ကြသည်။

ထိုသို့ စစ်အာဏာရှင်၏ အာဏာပါးကွက်သားတို့က ရက်စက်ယုတ်မာကောက်ကျစ်စွာ ဦးခင်မောင်မြင့်အား ဆေးဝါးကုသမပေးဘဲ နှိပ်စက်ညှဉ်းပန်းကြသော်လည်း ဦးခင်မောင်မြင့်သည် လုံးဝအလံမလှဲခဲ့။ စစ်ထောက်လှမ်းရေးက သူ၏ နိုင်ငံရေးယုံကြည်ချက်နှင့် ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာတို့ကို နင်းချေဖျက်ဆီးရန် အစွမ်းကုန်ကြိုးပမ်းကြသော်လည်း စိုးစဉ်းမျှအရာမထင်ခဲ့၊ နောက်ဆုံးနာရီပိုင်းအထိ စစ်ထောက်လှမ်းရေးနှင့် ထောင်ဝန်ထမ်းများကို သူ့အနားသို့မလာရန် အဆက်မပြတ်မောင်းထုတ်ရင်း သူ ကျဆုံးသွားခဲ့သည်။ ၁၉၉၃ ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် သူရဲကောင်းပီသစွာ ဦးခင်မောင်မြင့် ကျဆုံးသွားခဲ့သည်။ ယခုဆိုလျှင် သူကွယ်လွန်ခဲ့သည်မှာ (၁၃) နှစ်ပင် ပြည့်ခဲ့ပြီဖြစ်သော်လည်း သူ၏ရဲဘော်ရဲဘက်များနှင့် ရောင်းရင်းမိတ်ဆွေများက ယနေ့တိုင် သူ၏ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျိုးမရှာမှု၊ သစ္စာကတိတည်ကြည်မှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ နိုင်ငံနှင့်ပြည်သူအကျိုးကို ဦးထိပ်ထားမှု၊ ယုံကြည်ချက်ခိုင်မာမှု၊ နိုင်ငံရေးအမြော်အမြင်ကြီးမှု အစရှိသော ဂုဏ်ပုဒ်များကို အောက်မေ့တသနေကြဆဲဖြစ်သည်။

သူနှင့် ဆရာဦးဝင်းတင် အထူးတိုက်၌ အခန်းချင်းကပ်လျက် နေခဲ့ကြရစဉ်က ဦးဝင်းတင်ကို သူတခုမှာခဲ့ဖူးကြောင်း ဆရာက ပြောဖူးသည်။ သူ့ကိုယ်သူ ထောင်ထဲမှာပင် ဘဝနိဂုံးသတ်ရမည်ဖြစ်သည်ဟု စိတ်ဒုံးဒုံးချထားကြောင်း၊ သူကွယ်လွန်လျှင် သူ့ရုပ်အလောင်းထက်၌ ပြည်သူ့တိုးတက်ရေးပါတီအလံကို လွှမ်းခြုံပေးဖို့ ဇနီးဖြစ်သူ 'ဒေါ်တင်တင်'အား ပြောပေးပါဟု ဦးဝင်းတင်ကို သူမှာခဲ့သည်။ သူမှာခဲ့သည့်အတိုင်း သူ့စျာပနတွင် ပြည်သူ့တိုးတက်ရေးပါတီအလံကို လွှမ်းခြုံပေးခဲ့သည်။ သေသည့်တိုင် သူ့ပါတီအလံကို ဆုပ်ကိုင်သွားကြောင်း၊ တနည်းအားဖြင့် သူ့နိုင်ငံရေးယုံကြည်ချက်ကို စစ်အာဏာရှင်တို့ ချေဖျက်၍မရနိုင်ကြောင်း ပြသသွားပုံရလေသည်။

လူသေသော်လည်း နာမည်မသေသူ သူရဲကောင်းအပေါင်းတို့အနက် ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်သည်လည်း တဦးအပါအဝင်ဖြစ်ပေသည်။ ဦးခင်မောင်မြင့်သည် သမိုင်းတာဝန်ကို ထူးချွန်ပြောင်မြောက်စွာ ကျေပွန်ခဲ့သူအဖြစ် သူနှင့် ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်များက အသိအမှတ်ပြုကြသည်။ ဆရာဦးခင်မောင်မြင့်၏ နာမည်ဂုဏ်သတင်း ထာဝစဉ်တည်မြဲပါစေ။ ■

**(၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ (၁၆) ရက်နေ့က အင်းစိန်ထောင်ဆေးရုံ၌ ကျဆုံးသွားသည့် ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးခင်မောင်မြင့် ကျဆုံးခြင်း (၁၃) နှစ်မြောက်အထိမ်းအမှတ်)**